# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ( ၂၀ )ရက်။

အကြောင်းအရာ။ **။ASEAN – Korea လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုကို စတင်နိုင်ရန်အတွက် Country of Origin (CO Form AK) များ စတင်ထုတ်ပေးနေပြီ ဖြစ်ကြောင်း အသိပေးကြေငြာခြင်း။**

၁။ အာဆီယံ - ကိုရီးယား လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်နိုင်ရန်အတွက် အာဆီယံ - ကိုရီးယား ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ကို ၁ - ၆ - ၂၀၀၇ နေ့တွင်စတင် အကောင်အထည်ဖော်နေပြီ ဖြစ်ပါသည်။

၂။ အဆိုပါစာချုပ်အရ ကိုရီးယားနိုင်ငံသည် အာဆီယံစာချုပ်ဝင်နိုင်ငံများသို့ ၎င်းတို့ကုန်သွယ်မှုပြုနေသည့် ကုန်စည် ၇၀ % အပေါ် အကောက်ခွန် ပယ်ဖျက်ပေးမည် ဖြစ်ပါသည်။

၃။ ၎င်းအကောက်ခွန်လျှော့ပေါ့ ပယ်ဖျက်ပေးမှုကို မြန်မာနိုင်ငံရှိ ပို့ကုန်လုပ်ငန်းရှင်များ အကျိုးခံစားခွင့် ရရှိနိုင်ရေးအတွက် (၁-၇-၂၀၀၇) ရက်နေ့မှစ၍ ASEAN – Korea CO Form-AK ကို စီးပွားရေး နှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပေးနေပြီ ဖြစ်၍ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊တွင် လျှောက်ထားရယူနိုင်ပြီ ဖြစ်ပါသည်။

၄။ မြန်မာ့ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ အနေဖြင့် အာဆီယံ - ကိုရီးယား ကုန်စည်ကုန်သွယ်ရေး သဘောတူ စာချုပ်အရ အကောက်ခွန်လျှော့ပေါ့ပယ်ဖျက်ပေးသည့် အခွင့်အရေးကို ထိရောက်စွာ အသုံးချ၍ ကိုရီးယားနိုင်ငံသို့ ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရန် အသိပေးကြေငြာအပ်ပါသည်။

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန